

the bookhouse
အမေရိကန်စစ်သည်အမျိုးသမီးများ၏ ခံယူချက်၊ သတ္တိ၊
မြင်ကွင်းနောက်ကွယ်မှ ဖြတ်သန်းမှုဘဝပုံရိပ်နှင့်
သူတို့၏ ရှေ့တန်း စစ်မြေပြင် အတွေ့အကြုံများ
ရွှေကူမေနှင်း
မကြောက်တမ်းမရှုံ့တမ်း
UNDAUNTED BY TANYA BIANK
www.facebook.com/thebookhouse.tbh

# မိတ်ဆက်နိဒါန်း

စာရေးသူသည် ဒုဗိုလ်လေး ‘ကင်းဒစ်စ်ဖရော့စ်” နှင့် လွန်ခဲ့သော (၁၂) နှစ်က ပထမဆုံး တွေ့ခဲ့ရပါသည်။ မြောက်ကာရိုလိုင်းနားပြည်နယ် “ဖို့ဒ်ဘရက်”၌ ဖြစ်၏ ။ နွေနှောင်းညနေခင်းလေး တစ်ခုဖြစ်ကြောင်းမှတ်မိနေသည်။ ထိုစဉ်က ကျွန်မသည် ဒေသတွင်းသတင်းစာလေးဖြစ်သည့် “ဖေးယက်ဗီးလ်အော့ဗ်ဆားဗား” တွင် စစ်သတင်းထောက်ဖြစ်၏ ။ အမှတ် (၈၂) လေတပ်ခွဲရှိ အမျိုး သမီးစစ်သည်များအကြောင်း ရေးနေစဉ်ကာလလည်းဖြစ်သည်။ လေယာဉ်ကွင်းများကို သိမ်းပိုက် ခြင်း၊ သံသယရှိသော နယ်မြေကို အနီးကပ်စောင့်ကြည့်ခြင်း၊ နောက်မှရောက်လာမည့်တပ်သား များအတွက် လမ်းရှင်းပေးခြင်းတို့ဖြစ်၏ ။ လေတပ်မတော်၏ တပ်ခွဲ (၈၂) တွင် ထိုအချိန်က စစ်သည်လေထီးတပ်သား ၁၅,၀၀၀ ရှိရာ အမျိုးသမီးလေထီးတပ်သား အရေအတွက်မှာ သုံးရာခိုင် နှုန်းသာပါဝင်ပေသည်။

ဒုဗိုလ်လေးကင်းဒစ်စ်ဖရော့ကို အင်တာဗျူးလုပ်ရန် ကျွန်မတာဝန်ပေးခံရခြင်းဖြစ်ပြီး အင်တာဗျူးရသည့်အကြောင်းက သူမသည် တပ်တွင်း၌ နယ်ပယ်သစ်များ ထိုးဖောက်နိုင်ခြင်း ကြောင့်ဖြစ်၏ ။ ၈၂ တပ်ခွဲသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးလေထီးစစ်သည်အား ခြေ လျှင်တပ်သို့ တာနဂ်ပေးခြင်းဖြစ်သည်။ ကင်းဒစ်စ်အား ၅၀၅ လေထီးတပ်မအတွက် ထောက်လှမ်း ရေးအရာရှိအဖြစ် မကြာသေးမီကမှ တာဝန်ပေးခဲ့ခြင်းဖြစ်၏ ။ ဤတပ်မတွင် လူ ၄၀၀၀ ရှိသည့် အနက် ကင်းဒစစ်ကားတစ်ဦးတည်းသော အမျိုးသမီးစစ်သည်ဖြစ်လေသည်။

ထိုအချိန်က ကင်းဒစ်စစ်၏ ရုံးခန်းတွင် အင်တာဗျူးလုပ်ဆဲ။ ကျွန်မသည် ကင်းဒစ်စ်ကို သတိထားကြည့်နေမိ၏ ။ ကင်းဒစ်စ်ကား အသက် ၂၄ နှစ်သာရှိသေးသည်။ ဆံပင်အနီနှင့် နှင်းဆီ သွေးပါးကလေးများနှင့် ပျိုမျစ်လှဖြစ်၏ ။ စားပွဲတွင် ကိုယ်ကိုမတ်မတ်ထိုင်လျက် မျက်နှာအမူအရာ က

စိတ်ပါဝင်စားမှုအပြည့်ရှိသည်။ ကင်းဒစ်စ်တွင် လုပ်ဆောင်စရာ တွေရှိနေသည်။ နဂါးတွေသတ် ဖို့ရှိနေသည်။ သူလျှောက်ရာလမ်းတွင် ကားဆီရောက်ရှိလာသော လူပြိန်းတွေအတွက် အချိန်မပေး နိုင်ချေ။ ကျွန်မက သူ့ကိုမေးခွန်းမေးဖြစ်၏ ။

"တပ်မက တိုက်ပွဲထဲဝင်တဲ့အခါ ရှင့်ကိုခေါ်မသွားဘူးဆိုရင် ဘာဖြစ်မလဲ"

သူက မျက်လုံးပြာများဖြင့် ကျွန်မကို စိုက်ကြည့်၍ ဖြေသည်။

"ကျွန်မက စစ်ထွက်လာတာပါ။ သူတို့ ကျွန်မကို မလွှတ်ဘူးဆိုရင်လည်း ငရဲကစိတ်ဆိုးမှာ မဟုတ်ပါဘူး။ သူတို့က ကျွန်မကိုဒီနေရာဆီလွှတ်ဖို့ ယုံကြည်မှုအပြည့်အဝရှိတယ်။ ကျွန်မကလည်း ဒီကိုလာဖို့ ဆန္ဒရှိတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်"

အမှန်တော့ ကင်းဒစ်စ်၏ အရွယ်သည် ကျွန်မ အိမ်တံခါးဝသို့လာရောက်၍ ဘီစကစ်ကွတ် ကီးများ လာရောင်းတတ်သော အမျိုးသမီးတစ်ယောက်အရွယ်ဖြစ်၏ ။ သံခမောက်ဆောင်းထားရ သည့်အရွယ်မဟုတ်ပေ။ သို့သော် ကင်းဒစ်စ်၏ အသွင်ဟန်ပန်ကား ဆုံးဖြတ်ချက်ကို ချထားပြီး ကြောင်း ရှင်းလင်းသေချာလှ၏ ။

ကျွန်မက မှတ်စုစာအုပ်ထဲ၌ ရေးခြစ်ပြီး မေးခွန်းတပ်မေးရသည်။

"ရှင့်ကို ဒီခြေလျင်တပ်မှာမရှိသင့်ဘူးလို့ ထင်တဲ့လူတွေရှိနိုင်လား"

"ပြောရဲတဲ့လူရှိရင် ကျွန်မ စိန်ခေါ်တယ်။ လာလေ အပြေးပြိုင်ရအောင်"

ကင်းဒစ်စ်ကား မာရသွန်တာအဝေးပြေးသမားတစ်ဦးဖြစ်၏ ။ ၈၂ တပ်ခွဲတွင် အပြေးကောင်း သူ ဖြစ်ရုံမက သေနတ်ပစ်လည်းတော်သူအဖြစ် အရေးပါသူတည်း။

ကျွန်မတို့ နှုတ်ဆက်ပြီးထွက်လာသောအခါ သူ၏ "တုံးတိတိနိုင်ပုံ" ကို

သဘောပေါက်ခဲ့၏ ။ စစ်မြေပြင်၌ အမျိုးသားများ စိတ်လှုပ်ရှားမှုမြင့်မားနေချိန် ဤကဲ့သို့ စိတ်ဓာတ်မျိုးက သူ့အတွက် အကျိုးပြုလိမ့်မည်ဟု ကျွန်မတွက်ဆမိပါသည်။

အော့ဖ်ဆားဗားသတင်းစာ တနင်္ဂနွေထုတ်တွင် ကင်းဒစ်စ်၏ ကိုယ် (ခေါင်းပိုင်းပုံ) နှင့် သတင်း ပါလာသည်။ တနင်္လာနေ့ သူရုံးတက်သောအခါ တစ်စုံတစ်ယောက်က သူ့ပုံကိုဖြတ်ယူပြီး သူ့ရုံးခန်းတံခါးတွင် တိပ်နှင့် ကပ်ထားသည်ကို မြင်ရလေသည်။ တပ်တွင်းရှိနေရာတိုင်းမှာလည်း ထိုပုံကိုမြင်ကြရ၏ ။ ရည်ရွယ်ချက်တစ်စုံတစ်ရာဖြင့် ပြုလုပ်ထားခြင်းဖြစ်သော်လည်း သူသည် အာရုံစိုက်မခံယူရရှိခဲ့တော့သည်။

နောက်ရက်သတ္တအနည်းငယ်ကြာသောအခါ ကင်းဒစ်စ်သည် သူ၏ လုပ်ဖော်ကိုင်ဖက်အရာ ရှိတစ်ဦးနှင့် လက်ထပ်ခဲ့၏ ။ ခြေလျင်တပ်မှ ဒုဗိုလ်လေးပင်ဖြစ်ပြီး “ဂီလ်အိုဘရိုင်ယန်” အမည်ရှိ သည်။ လက်ထပ်ပြီး တစ်နှစ်ပြည့်ပြီးနောက် နှစ်ရက်အကြာတွင် ပင်တဂွန်ဌာနချုပ်နှင့် ကုန်သည် ညီနောင် တိုက်နှစ်လုံးကို အကြမ်းဖက်သမားများက လေယာဉ်ပြန်ပေးဆွဲပြီး တိုက်ခိုက်ခဲ့ကြသည်။ နောက် (၁၀) စုနှစ်တွင် အမေရိကန်တပ်မတော်သည် ကြိုတင်မကြေညာသော စစ်လမ်းကြောင်း သို့ ဝင်ခဲ့၏ ။

ကင်းဒစ်စ်နှင့် ကျွန်မသည် (၁၀) နှစ်တိုင်တိုင် တွေ့ဆုံပြောဆိုခွင့်မရခဲ့ပေ။ ကျွန်မသည် စစ်တပ်အတွင်းမှ အမျိုးသမီးများအကြောင်းစာအုပ်ရေးရန် အကြောင်းအရာအဖြစ်အပျက်မှန်များ ကို ရှာနေခဲ့၏ ။ ဤအခါ စစ်ရေး၌ ဝါရင့်နေသော မိတ်ဆွေတစ်ဦးကဗိုလ်မှူးကင်းဒစ်စ်အိုဘရိုင်ယန် နှင့် တွေ့ရန်အကြံပြုလေသည်။ သူကား ကင်းဒစ်စ်ပင်ဖြစ်သည်။ ကလေးနှစ်ယောက်မိခင်ဖြစ်နေ ပြီ။ အာဖဂန်နစ္စတန်သို့ ဒုတိယစင်ဆင်ရေးအတွက် သွားရောက်ရန် အသင့်ပြင်နေသူဖြစ်၏ ။

“တပ်ခွဲ ၈၂ မှာတုန်းက ဟိုအရင်းတုန်းက ဖို့ဒ်ဘရက်မှာ ကျွန်မကို အင်တာဗျူးလုပ်ဖူးတယ် ဟုတ်လား။ မှတ်မိလား”

သူ့ကို ဆက်သွယ်သောအခါ သူက အထက်ပါအတိုင်း မေးလေသည်။

ကျွန်မ သူ့ကို ဘယ်မေ့နိုင်ပါ့မလဲ…

ကင်းဒစ်စ်ကား တပ်မတော်ထဲရှိ ကျွန်မလေးစားမှုအရှည်ကြာဆုံး အမျိုးသမီးနက် တစ်ဦး ဖြစ်၏ ။ ကျွန်မ သတင်းထောက်လုပ်ခဲ့ရသော သက်တမ်းတစ်လျှောက်လုံး သူတို့၏ လှုပ်ရှားမှုများ ကိုမြင်ခဲ့ရသည်။ အရှေ့အလယ်ပိုင်း၌ မိုးကာတဲတစ်ခုတည်းတွင်အိပ်ခဲ့ရသည်။ တောင်တရုတ် ပင်လယ်ထဲ၌ လှေကလေးတစ်စီးထဲ အတူစီးခဲ့ရသည်။ ကိုရီးယား၌ လည်း အတူခရီးသွားခဲ့ရ သည်။ ဗီယက်နမ်၏ မတ်စောက်သော တောင်တန်းတောကြီး၌ လည်း အတူခရီးနှင်ခဲ့ရသည်။

ကျွန်မတို့သည် မိမိတို့ အတွေ့အကြုံများကို ဖလှယ်ခဲ့ကြ။ နံနက်စာမုန့်များအတူစားခဲ့ကြ ၏ ။ သန့်စင်ခန်းသုံးစက္ကူများကိုလည်း ဝေမျှသုံးစွဲခဲ့ကြရလေသည်။

မကြာသေးမီးကလည်း ကျွန်မမှာ တပ်မတော်သား၏ ဇနီးအဖြစ် တပ်ထဲ၌ နေထိုင်ရသဖြင့် စစ်သမီးများကို တာဝန်ချိန်ပြင်ပများ၌ ဇနီးမယားအဖြစ်လည်းကောင်း၊ မိခင်များအဖြစ်လည်း ကောင်း၊ လုပ်အားပေးများအဖြစ်လည်းကောင်း၊ အိမ်နီးချင်းများအဖြစ်လည်းကောင်း ဆုံတွေ့ခဲ့ပါ သည်။ ဘုရားရှိခိုးကျောင်းများရှိ ထိုင်ခုံများတွင်လည်း အတူထိုင်ခဲ့ရ၏ ။ ကစားကွင်းများ၌ လည်း အတူဆင်နွှဲခဲ့ရ၏ ။

အောက်မေ့ဖွယ်အခမ်းအနားများ၊ တပ်တွင်း၌ ထုံးတမ်းစဉ်လာအရပြုလုပ်ရသော ကပွဲများ တို့တွင်လည်း သူတို့နှင့်အတူ ပါဝင်ခဲ့ရသည်။ ၂၂ နှစ်လုံးလုံးမှာလည်း ကျွန်မ၏ အစ်မဖြစ်သူ “မာရီ ယာ” က

ဒုဗိုလ်ရာထူးမှ ဗိုလ်မှူးကြီးရာထူးအထိ တက်လှမ်းခဲ့ခြင်းကို ရင်းရင်းနှီးနှီးဖြင့် တွေ့ခွင့်ရခဲ့ သည်။ ဒေသသုံးနေရာ၌ အစ်မဖြစ်သူ အိမ်နီးချင်းအဖြစ် ဆုံတွေ့ခွင့်ရပြီး ယခုလောလောဆယ် တွင် လည်း ဗာဂျီးနီးယားပြည်နယ်၊ ဖို့ဒ်အီးယူစတစ်၌ သူက တပ်ရင်းမှူးဖြစ်နေစဉ် ကျွန်မနှင့် ဆုံရ ပြန်သည်။

ဤအခါ ထိုအမျိုးသမီးစစ်မှုထမ်းများ၏ ဘဝအမျိုးမျိုးကို နားလည်သဘောပေါက်ခဲ့ရသည်။ လုပ်ငန်းခွင်၌ လည်းကောင်း၊ ပုဂ္ဂလိကဘဝများ၌ လည်းကောင်း၊ ကိစ္စကြီးငယ်များ၊ ဝမ်းနည်းကြေ ကွဲဖွယ်နှင့် ပျော်ပွဲရွှင်ဖွယ်များကို မြင်ရသောအခါ သူတို့၏ ခံယူချက်နှင့်သတ္တိကို လေးစားလာရပေ သည်။

ဤစာအုပ်ရေးခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသမီးစစ်မှုထမ်းများ၏ ဘဝပုံရိပ်အပြည့်အစုံ ကို ပေးရန် ဖြစ်ပါသည်။ အမျိုးသမီးစစ်မှုထမ်းဟုဆိုရာ၌ အငယ်ဆုံးအဆင့်မှ ထိပ်ဆုံးအဆင့် ထိ ပါဝင်သည်။ အိမ်ထောင်ရေးဘဝ၊ မိခင်ဘဝတို့နှင့် တပ်မတော်သားဘဝတို့မှာ ထူးခြားဆန်းကြယ် လှသည်မဟုတ်ပါ။

မိန်းမဘဝ ကျားမခွဲခြားမှု စသော ကိုင်တွယ်ယှဉ်ပြိုင်ရန် ကိစ္စများက တကယ် တမ်း ကိုယ်ခန္ဓာချင်းတိုက်ခိုက်ရသည့်အန္တရာယ်များတွင် သိပ်အရေးမပါလှပေ။ သို့သော် စစ်သည် တော်အဖြစ် အသက်မွေးဝမ်းကျောင်းပြုရန် ရွေးချယ်ထားသူ အမျိုးသမီးများအဖို့ပင်လျှင် အရေးပါး သာ ဆုံးဖြတ်ချက်ချရေး၌ အထက်ပါအချက်များက စိန်ခေါ်မှုများဖြစ်နေသည်။ ထိုအထက်ပါ အချက်များသည် ဘဝပြောင်းလဲသွားနိုင်လောက်အောင် နောက်ဆက်တွဲပြဿနာများဖြစ်တတ် ပေသည်။ ထို ပြဿနာများသည် စစ်မှုထမ်းအမျိုးသမီးများ၏ ပုဂ္ဂလိကဘဝကို မီးမောင်းထိုးရန် အရေးကြီးပေသည်။ မြင်ကွင်းနောက်ကွယ်မှ သူတို့ဘဝများ၊ မလုံခြုံမှုများ အပါအဝင် သူတို့ ဘဝအခြေအနေကကို သိရှိသင့်သည်။ ဤသို့ဖြင့် သူတို့အတွက် စစ်မြေပြင်မှာရော၊ စစ်မြေပြင် အပမှာပါ သူတို့၏ သတ္တိကို အဓိပ္ပာယ်အသစ်ပေးနိုင်ကြပေလိမ့်မည်။

စစ်မှုထမ်းအမျိုးသမီးများအနေနှင့် ပြဿနာများစွာကို ကြာရှည်စွာ

ထိပ်တိုက်ရင်ဆိုင်ခဲ့ကြ ရ၏ ။ ယောကျာ်းလေးများ ကလပ်အသင်းသို့ဝင်ခွင့်မရမှု၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှု၊ ချစ်သူ နှင့် ချိန်းတွေ့ခွင့်၊လ လက်ထပ်ခွင့်၊ ကိုယ်ဝန်ဆောင်မှု၊ ကလေးများနှင့် ခွဲနေရခြင်း၊ ဘဂပန်းတိုင် နှင့် ပတ်သက်သော ပြဿနာများ၊ အသက်မွေးဝမ်းကျောင်းကိစ္စနှင့် မိမိကိုယ်မိမိ ထိုက်တန်အောင် နေခြင်း စသဖြင့် များပြားလှသည်။ သို့သော် ယနေ့အချိန်ကား အထက်ပါကိစ္စများအားလုံး ပြောင်း လဲသွားခဲ့ကြပြီ။ စစ်မှုထမ်းအမျိုးသမီးများသည် ယခင်လက်နက်ကိုင်တပ်များနှင့် အနည်းငယ်မျှ ကိုသာ ကိုယ်စားပြုမှုရှိတော့သည်။

တော်လှန်ရေးစစ်ပွဲကာလကတည်းက အမျိုးသမီးများ စစ်မှုထမ်းလာခဲ့ကြစေကာမူ သူတို့ သည် တကယ်လုပ်ကိုင်တိုက်ခိုက်ရသော တာဝန်များတွင် နှစ်ရာခိုင်နှုန်းထက်မပိုခဲ့ပေ။ ရာထူး အနေနှင့်လည်း ဒုတိယဗိုလ်မှူးကြီးအဆင့်ထက်ပို၍ မရခဲ့ချေ။

၁၉၆၇ ခုနှစ်၌ ကွန်ဂရက်လွှတ်တော်က ဥပဒေပြုပြင်လိုက်သောအခါကျမှ ရာထူးကြီးများ ရဖို့ အခွင့်သာခဲ့သည်။ ၁၉၈ဝ ပြည့်လွန်နှစ်များအတွင်း ရှိလုပ်ငန်းတစ်ဝက်သည် အမျိုးသမီးများ ပါဝင်ခွင့်မပြုခဲ့ချေ။ ၁၉၄၄ ခုနှစ်တွင်မှ ကာကွယ်ရေးဌာနသည် တိုက်ရိုက်ဥပဒေဖြင့် အမျိုးသမီးများ အား တာဝန်ချခြင်း မူဝါဒဖြင့် အစားထိုးခဲ့၏ ။ ထိုမူဝါဒက......

“ဝန်ထမ်းများအားလုံး မည်သည့်ရာထူးအဆင့်၌ ဖြစ်စေ၊ အရည်အချင်းမီလျှင် တာဝန်ပေး ခြင်းကို ခံယူရန် အခွင့်အရေးရှိသည်။ သို့သော် ဗိုလ်ချုပ်အဆင့်အောက်ဌာနများသို့ စစ်မြေပြင်၌ တိုက်ရိုက်တိုက်ခိုက်ရမည့် မူလတာဝန်ရှိသော အမျိုးသမီးများကို တာဝန်းပေးခြင်းမပြုရ”

စစ်တပ်၏ အလုပ်ကား စစ်မြေပြင်၌ ဖြစ်ရာ အမေရိကန်အစိုးရသည် ကျားမခွဲခြားအလုပ် ပေးခြင်းကို ဆောင်ရွက်ဆဲဖြစ်၏ ။ သို့သော် စစ်တပ်သည် အမျိုးသမီးများအား အခြားနေရာ၌ မရ နိုင်သောအလုပ်မျိုးခန့်ထားခြင်းဖြင့် လူမှုရေးပြောင်းလဲမှုသမိုင်းကို ပြုလုပ်လျက်ရှိပေသည်။

ဤကိစ္စသည်အငြင်းပွားမှုမပါဘဲ ဖြစ်ပေါ်လာဖြစ်လာကာ မဟုတ်ပါ။ ၁၉၉၀ ပြည့်လွန်နှစ်များ အတွင်း အမျိုးသမီးများနှင့်ပတ်သက်၍ လူထုအတွင်း ငြင်းခုံမှုများဖြစ်လာကာ ကွန်ဂရက်လွှတ် တော်ရှိ အမျိုးသမီးအမတ်များကလည်း တောင်းဆိုခဲ့ကြ၍ ဖြစ်၏ ။

စစ်တပ်မှ အမျိုးသားအရာရှိများနှင့် ဥပဒေပြုသူတချို့က ကန့်ကွက်ခဲ့ကြသေးသည်။ အမျိုးသမီးများအား တိုက်ခိုက်ရေးပြင်ပ၌ သာထားရန်၊ ငြင်းခုံကြခြင်းတွင် ပြဿနာအများအပြားရှိ ၏ ။ ခွန်အားမရှိခြင်း၊ ခံနိုင်ရည်မရှိခြင်း၊ ကျားမရောနှော၍ ညှိနှိုင်းမှုမရှိခြင်း၊ ဌာနတွင်းတွယ်တာနီး ကပ်မှုကိုခွဲပစ်ခြင်းနှင့် တိုက်ခိုက်ရေးစွမ်းရည် တုံ့ဆိုင်းနှောင့်နှေးခြင်း စသည်တို့ဖြစ်၏ ။ ဥပဒေပြုသူ တို့က ဖမ်းမိလာသော အမျိုးသမီးစစ်သည်များ၊ လေသူရဲများကို မည်သို့ ကုသမည်နည်းဟူသော ကိစ္စကိုပင် စဉ်းစားကြပြီး ညနေပိုင်းသတင်းများ၌ မည်သို့ဖော်ပြမည်ဆိုခြင်းကို လည်း ပြောဆိုကြ လေသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အထက်ပါအဖြစ်အပျက် များနှင့် ပတ်သက်ပြီး အများအပြားဆွေးနွေးခဲ့ကြသည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလရောက်သောအခါ ကွန်ဂရက်၏ အမိန့်ကို တစ်နှစ်မျှ ပြန်လှန်သုံး သပ်ပြီးနောက် အမျိုးသမီးများအား စစ်မြေပြင်၌ တရားဝင်တာဝန်ချထားရန် ခွင့်ပြုခဲ့၏ ။ နှစ်ပေါင်း များစွာ ကွင်းထဲ၌ ပြေးလွှားကစားခဲ့သူအား အဖွဲ့သားဝတ်စုံပေးအပ်သည်နှင့်တူပေသည်။ ပြန် လည်သုံးသပ်မှုသည် အီရတ်နှင့် အာဖဂန်နစ္စတန်စစ်မြေပြင်များ၌ တွေ့ခဲ့ရသော အမှန်တရား များကို ဆုပ်ကိုင်ပြနိုင်ခဲ့၏ ။ စစ်မြေပြင်များတွင် အမျိုးသမီးများသည် ထောက်လှမ်းရေး တာဝန်များ၊ အချက်ပြဆက်သွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြပြီးဖြစ်၏ ။ မူအရ ထိုဌာနများ သို့ ရောက်ရှိခဲ့ကြရာက ထိုတာဝန်များကို ထမ်းဆောင်ခဲ့ကြခြင်းတည်း။

ယနေ့တွင်ကား အမျိုးသမီး ၁၉၄၀၀၀ တို့သည်

တက်ကြွစွာတာဝန်ထမ်းဆောင်နေကြ လေပြီ။ ၁ ဒသမ ၄ သန်းရှိသော စစ်သည်ဦးရေအနက် ၁၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ အရင် အင်အားက ၈၀၀၀ ရှိပြီး အမျိုးသားလုံခြုံရေးတပ်တွင် ၆၅၀၀၀ ရှိသည်။ အမျိုးသမီး စစ်ပြန်ဦးရေ က ၁ဒသမ ၈ သန်းရှိနေပြီ။ ၉/၁၀ ကတည်းက အမျိုးသမီးများသည် အီရတ်နှင့် အာဖဂန်နစ္စတန် သို့ သွားကြရာ ၂၅၀၀၀၀ ကျော်ရှိ၏ ။ စစ်တိုက်နေသော အင်အားတွင် အမျိုးသမီးများက ၁၁ ရာခိုင် နှုန်းရှိနေလသည်။ အမျိုးသမီးစစ်သည်အများအပြားသည် ပင်လယ်ရပ်ခြားသို့သွားရောက်ကာ တာဝန်ထမ်းနေကြပြီ။ ၎င်းတို့၏ အဖေများ၊အဘိုးများထက်ပင် စစ်ထဲ၌ တိုက်ပွဲဝင်မျိုးဆက်များဖြစ် နေလေတော့သည်။

မွတ်စလင်နိုင်ငံများ အနေအထားတွင် ဒေသခံအမျိုးသမီးများနှင့် အပြန်အလှန်ဆက်ဆံ ရာ၌ အမျိုးသမီးတပ်ဖွဲ့များလိုအပ်နေသည်။ ထိုနေရာတွင် ယဉ်ကျေးမှုအရ ပြင်းထန်မှုကိုလျှော့ပေါ့ ၍ ဆက်ဆံရန်လိုအပ်သဖြင့် အမျိုးသမီးစစ်သည်များက ပို၍ အဆင်ပြေနိုင်သည်။ သို့သော် ဤရှေ့ တန်းစစ်မျက်နှာ၌ အမျိုးသမီးစစ်သည်များက ထရပ်ကားမောင်းသူများအဖြစ်လည်းကောင်း၊ ဆေးဝန် ထမ်းများအဖြစ်လည်းကောင်း၊ ရဲအရာရှိများအဖြစ်လည်းကောင်း၊ တာဝန်ယူကြရလေ သည်။ အန္တရာယ်နှင့် ပိုမိုနီးကပ်ကြသည်။ အီရတ်နှင့် အာဖဂန်နိုင်ငံတွင် အမျိုးသမီးစစ်သည် ၁၄၅ ဦး သေဆုံးခဲ့ရပြီး ၈၆၀ ကျော် ဒဏ်ရာရခဲ့သည်။

စစ်သည်အမျိုးသမီးများကို ဤကဲ့သို့ စာရင်းအရသာ တိုင်းတာ၍ လည်းမပြီးသေးချေ။ စစ်တပ်ဘဝသည် သာမန်အလုပ်တစ်ခုမဟုတ်။ ဘဝခရီးတစ်ခုဖြစ်၏ ။ ထိုဘဝထဲတွင် ပဋိပက္ခများ ကပြည့်နေတတ်သည်။ အထင်ရှားဆုံးပဋိပက္ခမှာ အမျိုးသားများနှင့် ထူးချွန်သောအမျိုးသမီးများ ရာထူးရောထွေးမှုဖြစ်၏ ။ စစ်တပ်ကို စိတ်ဝင်စားဖွယ်ကောင်းသော

သက်မွေးလုပ်ငန်းအဖြစ် ရှုမြင် သော အမျိုးသမီးများသည် အမြဲတမ်း ဖိနပ်ခံနေရ၏ ။ သူတို့က သူတို့ကိုယ်သူတို့ ကာကွယ်နိုင် သည်။ တိုက်ခိုက်နိုင်သည်။ ခေါင်းဆောင်နိုင်သည်ဟု ယုံကြည်ကြသည်။ အများကမူ ထိုကဲ့သို့ မသိကြချေ။ ဤတွင် သာမန်အမျိုးသမီးများ၏ ထုံးတမ်းစည်းမျဉ်းများနှင့်တွဲကာ ပဋိပက္ခဖြစ်ရတော့ သည်။

ယခုစာအုပ်တွင် ကျွန်မသည် တက်ကြွသော တာဝန်ထမ်းဆောင်သူ မျိုးသမီး လေးဦး၏ ဘဝများကို လေ့လာတင်ပြထားပါသည်။ သူတို့လေးဦးလုံးသည် ခေါင်းဆောင်များဖြစ်ကြ၏ ။ ထူး ခြားသော နှစ်အနည်းငယ်အတွင်း အစကနဦးကပင် ပြင်းပြန်းထန်ထန် ကြိုးစား၍ ရွေးချယ်မှုများ၊ ပြောင်းလဲမှုများ ကြီးထွားမှုများကို ရရှိခဲ့ကြသူများဖြစ်သည်။

စစ်တပ်အတွင်း မိမိလုပ်တာလုပ်နိုင်ဖို့ လုပ်ကိုင်ရသည့်မှာ မလွယ်ကူပေ။ အမျိုးသမီး စစ်မှု ထမ်းများသည် နောက်ခံလမ်းကြောင်းအမျိုးမျိုးမှ လာကြသူများဖြစ်သည်။ သူတို့သည် ရေတပ် စခန်းအတွေ့အကြုံများ လေကြောင်းအတတ်သင်ကျောင်းမှ အတွေ့အကြုံများ ဝက်စ်ပွိုင့်ကဲ့သို့ စစ်တက္ကသိုလ်အတွေ့အကြုံများ၊ ဘွဲ့လွန်စစ်ကျောင်းများမှ အတွေ့အကြုံများကိုရရှိခဲ့ကြပြီဖြစ်၏ ။ ဤအတွေ့အကြုံများကား တိုက်ပွဲအောင်မြင်ရေးအတွက် အရည်အသွေးများပင်ဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံတင်သာမက နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှာပါ တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် ဤ အမျိုးသမီးများ၏ ဇာတ်ကြောင်းများမှာ အရေးပါသောကဏ္ဍများပါဝင်လာခဲ့သည်

ဤအမျိုးသမီးများကိုပုံကြမ်းမဟုတ်ဘဲ လူသားအစစ်စစ်များအဖြစ် ပြည့်ပြည့်ဝဝတင်ပြနိုင် ရန် ကျွန်မ၌ ခွန်အားစိုက်ပါသည်။ သူတို့ဇာတ်ကြောင်းတွင် လုပ်ငန်းအတွေ့အကြုံများ ပုဂ္ဂလိက အတွေ့အကြုံများကို ပြောပြရာ၌ မျက်လုံးများမှတစ်ဆင့် အများဆုံးပြောဖြစ်ခဲ့ကြ၏ ။ အချို့ကိစ္စ များတွင်

အရေးမကြီးသော ဇာတ်ဆောင်များ၏ အမည်များကို ပြောင်းလဲခဲ့ရသည်။ ကျွန်မ၏ ရည်ရွယ်ချက်မှာ စာဖတ်သူများအနေနဲ့ ဤအမျိုးသမီးများကို ရင်းရင်းနှီးနှီး နားလည်သွားရန်နှင့် ဂုဏ်ပြုချီးကျူးနိုင်ရေး ဖြစ်ပါသည်။ ထို့ပြင် ယနေ့စစ်တပ်၌ အမျိုသမီးတစ်ယောက်အနေနှင့် အောင် မမြင်ရရန် မည်သည့်အရာက ရယူပေးကြောင်း သိရှိကြရန်ဖြစ်ပါသည်။

ကောင်းပါပြီ။

သို့ဖြစ်လျှင် သူတို့ကား မည်သူတွေနည်း။

၁။ ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်အင်ဂျလာဆလီနာ

အရပ် ၅ ပေ

အသက် ၅၄ နှစ်၊ ရေတပ်ကဖြစ်သည်။

လုပ်သက် ၃၀ နှစ်ကျော်ခဲ့ပြီဖြစ်၏ ။

အင်ဂျလာသည် ရေတပ်တွင် စပိတ်ဘာသာစကားပြောသူ ပထမဆုံးအမျိုးသမီး ဗိုလ်ချုပ်ဖြစ်၏ ။ အမျိုးသားများချည်းရှိသောဌာနတွင် တပ်မှူးဖြစ်ခဲ့ပြီး တိုက်ခိုက်မှုများစွာဖြင့် နောက်ဆုံး သူ့အရည်အသွေးက သူ့အား ထိပ်ဆုံးသို့ ပို့ဆောင်ခဲ့ခြင်းတည်း။

၂။ ဒုဗိုလ်ဘာဂင် အာစင်နာ့

အသက် ၂၂ နှစ်။ အရာရှိဖြစ်ခါစ။

ကလေးမျက်နှာလေးပဲရှိသေးသည်။

လေယာဉ်ပျံမစီးဖူးသေးဘဲနှင့် လေယာဉ်မောင်းသင်ကျောင်းသွားချင်သူ။

ဗားမောက် စစ်တက္ကသိုလ်၌ လေးနှစ် ပညာသင်ခဲ့သည်။

ယခု အာဖဂန်နစ္စတန် ရှေ့တန်းစစ်မျက်နှာ၌ ရောက်နေသည်။

စစ်ရဲအဖြစ် အမှုထမ်းရသည်။ သူ့လိုပင် စစ်အရာရှိဖြစ်အောင် ခင်ပွန်းနှင့်အတူ တာဝန်ထမ်း ဆောင်ခြေင်းဖြစ်၏ ။

သူ၏ ထူးဆန်းသောဇာတ်လမ်းကို ယခင်ကတည်းက ကျွန်မကြားခဲ့ဖူးသည်။

လက်ဖတင်နင် ဘာဂင်သည် ဂျော်ဂျီယာ၊ ဖို့ဒ်စတီးဝပ်၌ ကျွန်မခင်ပွန်း တပ်မှူးအဖြစ် အုပ်ချုပ်စဉ် ဘာဂင်က တပ်စုခေါင်းဆောင်ဖြစ်၏ ။ ခင်ပွန်းပြောပြထားသဖြင့် ဘာဂင်ကို စကားပြော ဆွေးနွေးရန် အဆင်ပြေမည်မဟုတ်ဟု သိထားခဲ့သည်။ သူက အနည်းငယ် “မာ” သည်ဟု ထင်ရ၏ ။ ထိုသတင်းမှန်ကြောင်လည်း သိလာရသည်။

သို့သော် စစ်ပွဲတွင် တပ်စုမှူးတစ်ယောက်၏ စိတ်ကူးနှင့် ဇာတ်လမ်းကို ကျွန်မနားထောင် ချင်သည်။ သူနှင့် စကားပြောရင်း သူ့ကိုနားလည်ခဲ့ရသည်။ ကျွန်မ၏ မဆုံးနိုင်သောမေးခွန်းများကို လည်း သူအလွယ်တကူ သဘောပေါက်သွား၏ ။

စစ်ရဲ့ အလုပ်ဆိုသည်မှာကမ္ဘာတစ်ခွင်တွင် အထူးအန္တရာယ်များသောအလုပ်ဖြစ်သည်။ ဗိုလ်ဘာဂင်နှင့် တပ်သားတို့ကား အာဖဂန်နစ္စတန်၌ နေ့စဉ် ရင်ဆိုင်နေရသေးသည်။ ကျွန်မသည် သူ့ဇာတ်အကြောင်းကို အာဖဂန်ငရဲခန်းများမှ ဝေးကွာလှသော ဗားမောက်စစ်တက္ကသိုလ်ကူ စတင် ရေးသားပါမည်။

သင်တန်းသားဘဂ၊ အပြစ်ကင်းသော ငယ်စဉ်ကလေးဘဂမှစကားစစ်ဇုန်နယ်မြေ၌ တာဝန် ယူရသောခေါင်းဘဂအထိ နက်နက်ရှိုင်းရှိုင်းတူးဖော်ခဲ့ပါသည်။

၃။ စစ်သင်တန်းနည်းပြ တပ်ကြပ်အေမီစတုတ်လေး

အသက် ၂၅ နှစ် တိုက်ခိုက်မှုစွမ်းရည် ခါးပတ်နက်ရသူ။

အီရတ်၌ တိုက်ပွဲလှုပ်ရှားမှု ဖဲကြိုးဆုရသူ။

သူက သင်တန်းမှာ အော်ဟစ်အမိန့်ပေးဖို့ အိမ်မှအလုပ်ရှိရာ “ပဲရစ်ကျွန်း” သို့ ကားမောင်း လာရင်းကားထဲမှ စတီရီယိုသံကို လွှမ်းသွားအောင် လေ့ကျင့်နေသူဖြစ်၏ ။ သူက သင်တန်းသား သစ်များကို အော်ဟစ်လာအောင်လုပ်ရခြင်းတို့ နှစ်သက်၏ ။ ထို့ကြောင့် မျက်တောင်တုများတပ်၍ လက်ည်းအလှဆင်ပြီး နှုတ်ခမ်းနီဆိုးထားရင်းပင် အော်ဟစ်လေ့ကျင့်ခြင်းဖြစ်၏ ။

သူ့သင်တန်းသားသစ်များနှင့် တစ်ပတ်မှာ နာရီပေါင်း ၁၄၀ အချိန်ကုန်နေရာ၊ သူ့မှာကိုယ် ပိုင်ဘဝအတွက် အချိန်မရှိချေ။ အိမ်ထောင်ပြုဖို့လည်း စိတ်မကူးတော့။

သူနှင့် ပထမအကြိမ်တွေ့သောအခါ သူ လေသံရှရှနှင့် စကားပြောရာကျွန်မက လုံးဝနား မလည်နိုင်ပေ။

“အအေးမိထားလို့လား” ဟုမေးမိ၏ ။

“မဟုတ်ပါဘူး မမရယ်။တစ်နေကုန် အော်ဟစ်ခဲ့ရလို့ပါ”

ဤနည်းဖြင့် ကျွန်မတို့ စတင်ခဲ့ကြပါသည်။

ပဲရစ်ကျွန်းသို့ ကျွန်မသုတေသနပြုရန်ရောက်သွားသောအခါ သူ့ကိုနည်းပြအဖြစ် မွေးဖွားခဲ့ ခြင်းမဟုတ်မှန်း သဘောပေါက်သွား၏ ။ ရေတပ်သားသင်တန်းနည်းပြတို့သည် မိမိဘာသာမွေးမြူ ရသူများဖြစ်သည်။ အမျိုးသမီးသင်တန်းနည်းပြများက ပို၍ ပင် မွေးမြူရသူများဖြစ်၏ ။ တပ်ကြပ် စတုတ်လေးသည် ထရပ်ကားမောင်းသူဘဝမှ သင်တန်းနည်းပြဖြစ်ရန် သူ့နည်းနှင့်သူ ကိုယ်ပိုင်ကြိုး စားခဲ့သူတည်း။ မီးခိုးရောင်ဝက်ဝံဦးထုပ်နှင့် မိန်းမကား မည်သူနည်း။ သူ့ကိုရှာဖွေဖို့ ကျွန်မ ပြင်ဆင်ခဲ့ပြီးပါပြီ။

၄။ ဗိုလ်မှူး ကင်ဒစ်စ်အိုဘရိုင်ယန်

ကင်ဒစ်စစ်အိုဘရိုင်ယန်ကို လွန်ခဲ့သည့် ၁၂ နှစ်က အင်တာဗျူးလုပ်ခဲ့ဖူးသည်။ ဦးနှောက် ကောင်းသူ၊ အသက် ၃၃ နှစ်အရွယ် ဆံပင်နီနီနှင့်ဖြစ်၏ ။ စီမံချက်ရုံးခန်း၌ သူ့လုပ်ဖော်ကိုင်ဖက်အ ရာရှိများထက် စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည်။ စစ်မြေပြင်ကျတော့လည်း အားလုံးကိုကျော်ပြီး လုပ်ရှားနိုင်သူဖြစ်သည်။ စွမ်းဆောင်ရည်မြင့်မားလှသူပင်တည်း။ သို့သော် မိခင်တပ်ရင်း၌ ကားမည် ကဲ့သို့ရင်ဆိုင်ရမည်ဆိုခြင်းအတွက် ကြိုတင်ပြင်ဆင်နိုင်ခဲ့ခြင်း မရှိချေ။ အာဖဂန်နစ္စတန်ရှိ နေတိုး ဌာနချုပ်သို့သွားရောက်သောအခါ ကလေးငယ်နှစ်ဦးကို ချန်ထားခဲ့ရ၏ ။ အိမ်ထောင်ရေးက ဒုက္ခတွေနှင့် ကျန်ရစ်သည်။

ကျွန်မသည် ကင်ဒစ်စ်အိုဘရိုင်ယန်အကြောင်းကို စိတ်ဝင်စား၏ ။ အကြောင်းမှာ သူသည် စစ်တပ်အတွင်းရှိ စစ်သည်အချင်းချင်း အိမ်ထောင်ပြုပြီး မိခင်ဖြစ်လာသူကြသောစစ်သည်အမျိုး သမီးများကို ကိုယ်စားပြု၍ ဖြစ်သည်။ သူသည်လေထဲမှာဂဲလာသော ဘောလုံးများအားလုံးကို ဘယ်လိုနိုင်နင်းအောင် လုပ်ပါလိမ့်။ စစ်သည်အမျိုးသမီးတစ်ယောက်အနေနဲ့ တကယ်တမ်းလုပ် နိုင်ပါ့ရဲ့လား။ ဤစာအုပ်ရေးနေစဉ်အတွင်း သူအာဖဂန်နစ္စတန်သို့ ထွက်ခွာသောအခါ ကျွန်မတို့ အားလုံး မည်သူမျှ ကြိုတင်တွက်ဆမထားသော နည်းဖြင့် သူ့ဇာတ်ကြောင်း ဖြေချသွားခဲ့သည်။

သူတို့အားလုံး၏ ဇာတ်ကြောင်းများကလည်း စစ်သည်အမျိုးသမီးဆိုသည်မှာ ကွက်ကီးလိုး သော ဓားနှင့်တူကြောင်း ပြသနေကြသည်။ ဗိုလ်ချုပ်ဆယ်လီနာဆိုလျှင် ပုံပန်းကသေးသေးလေး ဖြစ်သော်လည်း အမျိုးသမီးဘတ်စကက်ဘောအသင်းကို ထူထောင်သူအသင်း ကပ္ပတိန်ဖြစ်လေ သည်။

ဗိုလ်ဘာဂင်ဆိုလျှင် အမိန့်ပေးရာ၌ မာကျော၏ ။ သို့သော်

သူ့အလုပ်တာဝန်ကျရာသို့ သွား သောအခါ သူချစ်သောပုံသွငထားသည့် တိရစ္ဆာန်အရုပ်ကလေးများကို ယူသွားလေ့ရှိသည်။ တပ်ကြပ်စတုတ်လေးဆိုလျှင် သူ့တပ်သားများကို ဟိန်းဟောက်တတ်သော်လည်း ထိုသို့ပြုလုပ် ခြင်းအတွက် အကောင်းမြင်ခံရအောင်လုပ်တတ်သည်။ ဗိုလ်မှူး အိုဘရိုင်ယန်သည် အာဖဂန်၌ ဗိုလ်ချုပ်ပက်ထရီးယပ်စ်ကို ညွှန်ကြားနိုင်စေကာမူ အခြေခံတပ်စခန်းအပြင်ဘက်ရှိ နေကြာပန်းများ ၏ အလှတွင်လည်း နစ်မျောနေတတ်ပေသည်။

ဤအမျိုးသမီးများအကြောင်း လေ့လာမိလေလေ ပိုပြီး သိချင်လာလေလေဖြစ်ရ၏ ။ သူတို့ ၏ ဇာတ်ကြောင်းများသည် အမေရိကန်မြေမှာရော ပြည်ပမှာပါ သူတို့ကိုယ်တွင်း၌ ချည်နှောင် ရစ် ပတ်ထားကြ၏ ။ ထို့ပြင် ဤအမျိုးသမီးစစ်သည်လေးဦးတို့သည် အမေရိကန်ရှိ အမျိုးသမီးစစ်သည် အားလုံး ယနေ့ရင်ဆိုင်နေရသော ပြဿနာများကို နမူနာပြထင်ဟပ်နေကြပေသည်။ အိမ်ထောင် ရေး၊ သားသမီးရေး၊ လုပ်ငန်းခွင်အရေးနှင့် ဘဂပန်းတိုင်ကိစ္စများပါဝင်သည်။ ဤစာအုပ် အတွင်းရှိ အကြောင်းအရာများမှာ ပုဂ္ဂိုလ်တစ်ဦးစီ၏ မမေ့နိုင်စရာများဖြစ်၏ ။ သို့သော် ပုဂ္ဂိုလ်အားလုံးကို ကိုယ်စားပြုနေပေသည်။

သူတို့၏ ဇာတ်ကြောင်းများမှာ မှတ်တမ်းမှတ်ရာအဖြစ် ၂၀၀၆ မှ ၂၀၁၁ အထိ ငါးနှစ် အတွင်း အဖြစ်အပျက်များဖြစ်သည်။ ထိုငါးနှစ်အတွင်း သမ္မတသက်တမ်းရွေးကောက်ပွဲတစ်ကြိမ် စီးပွားရေးကျဆင်းမှုတစ်ခု။ ဘတ်ဂျက်ပြတ်ကောက်မှုတစ်ခု၊ စစ်ဇုန်နှစ်ခုသို့ စစ်တပ်ဖြန့်ကြက်ခြင်း တစ်ခုနှင့် အမေရိကန်ပြည်ထောင်စုလူထု၏ စစ်ပန်းအချိန်တစ်ချိန်တည်း ဖြစ်ပေ သည်။ ဤနှစ်များ အတောအတွင်း ....

အုပ်စုလိုက် အကြမ်းဖက်မှု၊ အသေခံဗုံးခွဲမှု၊ ထိပ်သီး၊ ထွက်ရပ်မဟာဗျူဟာ၊ အယ်လ်ခိုင်ဒါ တာလီဘန်၊ လေကြောင်းတိုက်ခိုက်မှုစသော ဝေါဟာရစကားလုံး အသုံးအနှုန်းများသည် လူသိများသော အနေအထားသို့

ရောက်ရှိလာခဲ့ကြ၏ ။

ဤရှုပ်ထွေးမှုများနှင့် ဆန့်ကျင်ဘက်အဖြစ် အသက်အမျိုးမျိုး၊ ရာထူးအမျိုးမျိုး၊ နောက်ခံအ အမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုးတို့သည် သူတို့ဘဝ၌ ပါဝင်ခဲ့ကြသည်။ သူတို့သည် အလုပ်ကြိုး စားကြ၏ ။ ရည်ရွယ်ချက်မြင့်မားကြ၏ ။ ဖွဲ့ရှိကြ၏ ။ သူတို့လုပ်ငန်း၌ ထိပ်ဆုံးသို့တက်ရန် ကြိုးစားကြ ၏ ။ သို့သော် သူတို့၏ ပုဂ္ဂလိကဘဝအတွင်းရှိ စိန်ခေါ်မှုများကို သူတို့ဆောင်ရွက်ချက်များနှင့် ချင့်ချိန်ကြရလေသည်။

ဤကဲ့သို့ အမျိုးသမီးများပတ်လည်၌ ဖြစ်ပေါ်လာနေသော အရေးကိစ္စများကို ရေတပ်၊ ကြည်းတပ်၊ ကာကွယ်ရေးဌာနနှင့် ကွန်ဂရက်လွှတ်တော်ကလည်း မရေမရာလုပ်ပြီး ဖြေရှင်းမှု မပြု ကြချေ။ စစ်သည်အမျိုးသမီးများကိုယ်တိုင်ကသာ တစ်ဦးချင်း၏ ရွေးချယ်မှုဖြစ်၍ ဖြစ်လာသမျှ ကိုယ်တွင်ကြရသည်။ ရရှိသော ဆုလာဘ်ကားအထူးပင် ထူးခြားပါပေသည်။ သို့သော် အရင်းအနှီး ကလည်း ကြီးမာ၏ ။ အချို့ဆိုလျှင် အလုပ်ထွက်ဖို့ပင် စဉ်းစားမိကြသည်။ အများအပြားကမူ ဆက်လက်လုပ်ကိုင်နေကြ၏ ။

ဒီလိုနေရတာ ထိုက်တန်ရဲ့လား

ဘာတွေအောင်မြင်လာသလဲ။

ဘာတွေ စတေးခဲ့ရသလဲ။

နောက် ဘာတွေဖြစ်ဦးမလဲ။

ကျန်မေးခွန်းများကို သူတို့သာဖြေနိုင်ပါလိမ့်မည်။ မေးဖို့တော့ အချိန်တန်ပါပြီ။

*

# တိုက်ဖွန်းရာသီ

ကင်းဒစ်စ်၊ ဒီဇင်ဘာ (၅)၊ ၂၀၀၇၊ စကိုးဖီးလ်တပ်တွင်း၊ ဟာဝိုင်ယီ

ဗိုလ်မှူးကင်းဒစ်စ်အိုဘရိုင်ယန်၏ မျက်လုံးများကျယ်လာကြသည်။ သူမ၏ ဆဲလ်ဖုန်းများက မြည်လာ၍ ဖြစ်၏ ။ အခြားသော စစ်ဗိုလ်အရာရှိများလိုပင် ညဥ့်အခါဖုန်းကို ဖွင့်ထားသည်။ ညဥ့် လယ်ဖုန်းများ လာနိုင်၍ ဖြစ်၏ ။ ယခုဖုန်းမှာ သူမ၏ ခင်ပွန်းထံမှဖြစ်လေသည်။

"ဟေ.... ဟန်နီ၊ ဘာဖြစ်လို့လဲ" ဟုနှုတ်ဆက်၏ ။

"ကိုယ်မယုံနိုင်လို့ပါ၊ လေယာဉ်လွတ်သွားပြီ ယူနိုက်တက်အဲလိုင်းဟာ တို့ကို အကူအညီ မဖြစ်ဘူး။ အခု လေယာဉ်ကွင်းမှာဘာလုပ်ရမှန်းမသိဘူး"

ကင်းဒစ်စ်၏ ခင်ပွန်းက ဗိုလ်မှူးဂီလ်အိုဘရိုင်ယန်ဖြစ်၏ ။

ကင်းဒစ်စ်က သူ့ခင်ပွန်းဘယ်ရောက်နေကြောင်း ဘယ်အချိန်ရှိပြီးဖြစ်ကြောင်း မသိရသေး။ နာရီကြည့်တော့ နံနက် ၅ နာရီသာရှိသေးသည်။ တစ်ညလုံးလေပြင်းတိုက်ခဲ့သည်။ မိုးကြိုးခဲ့သည်။ နံရံနှင့် အမိုးကို အငြိုးတကြီးရွာချခဲ့သည်။

ကင်းဒစ်စ်မျာက ကိုယ်ဝန် ခြောက်လရှိနေ၏ ။ ညက ကောင်းစွာမအိပ်နိုင်ခဲ့။

"ရှင် အခု ဘယ်မှာလဲ"

"ဒမ်ဗာမှာ လေယာဉ်မှူးထမ်းတစ်ယောက် အရေးတကြီးနေမကောင်းဖြစ်တယ်လေ။ ဒါနဲ့ ဆန်ဖရန်စစ္စကိုမှာ အရေးပေါ်ဆင်းလိုက်ရတယ်။ လေယာဉ်ထဲမှာ ၁၁ နာရီနေခဲ့ရတယ်။ ဒါမျိုး တစ်ခါမှ မကြုံဖူးဘူး။ ငါ အရမ်းကို.... ..."

"ဂီလ်...အချစ် စိတ်လျှော့လိုက်ပါ။ တော်ကြကောင်းသွားမှာပါ။

ကိုယ့်မှာသမီးလေးနဲ့ဆို တော့ သတိရပါဦး။ စိတ်ကိုငြိမ်အောင်ထားပါ။ အခု ဘာလုပ်နေတာလဲ”

ဂီလ် စိတ်တိုနေတိုင်း ကင်းဒစ်စ်က ဤသို့ချော့ရမြဲဖြစ်၏ ။

သူ့ကို ဘယ်လိုဖြေဖျောက်ရမလဲဟု တွေးရမြဲဖြစ်သည်။

ယခု ဝိလ် အဆင်မပြေဖြစ်နေသည်။ ကင်းဒစ်စ်က ပင်လယ်ထဲရှိ ကျွန်းကလေးပေါ်မှ ဘာများလုပ်ပေးနိုင်ပါမည်နည်း။

ကင်းဒစ်စ်သည်အမေရိကန်ပစိဖိတပ်မတော်မှ ထောက်လှမ်းရေးအရာရှိဖြစ်၏ ။ ယခု သူက ဂျပန်နှင့် ဟာဝိုင်ယီရှိ စစ်ရေးအရာရှိများနှင့် ထောက်လှမ်းရေးအခြေအနေများကို ပြောပြရန်ရှိနေ သည်။ လွန်ခဲ့သည့် ၂၄ နာရီက အဖြစ်အပျက်များနှင့် နောက် ၂၄ နာရီမှာဖြစ်နိုင်မည့်ကိစ္စများကို ရှင်းပြမည်ဖြစ်သည်။ သူ့လက်လောက်ကို အဆင်သင့်ဖြစ်နေသော ခင်ပွန်းသည်ကို စိတ်ရှည်ရှည် ပြောနိုင်ရန် အချိန်မရှိ။

လွန်ခဲ့သည့်ညက ဂီလ်သည် တစ်နှစ်ခွဲသမီးလေး ကိတ်နှင့်အတူ ဟိုနိုလူလူမှ လေယာဉ်ဖြင့် သွားခဲ့သည်။ ကင်းဒစ်စ်မြို့ရှိ မိဘများထံ ခရစ္စမတ်အကြိုအားလပ်ရက်အတွက် သွားရောက်ခြင်း ဖြစ်၏ ။ သူ့လက်ထောက်ကို အဆင်သင့်ဖြစ်၊ မဖြစ် စစ်ဆေးရဦးမည်။ သူညွှန်ကြားချက်များက လည်း အကွက်ကျဖို့လိုသည်။ ဤအချိန်တွင် လေယာဉ်အဆင်မပြေဖြစ်နေသော ခင်ပွန်းသည်ကို စိတ်ရှည်ရှည်ပြောနိုင်ရန် အချိန်မရှိ။

စစ်တပ်အတွင်းနှစ်ဦးလုံး အမှုထမ်းကြသော အိမ်ထောင်သည် အများနည်းတူ အိုဘရိုင် ယန်စုံတွဲသည်လည်း အိမ်ထောင်သက် ခုနစ်နှစ်အတွင်း တစ်ဝက်မျှကို ခွဲခွာခြင်းဖြင့် နေခဲ့ကြရ ၏ ။

ကင်းဒစ်စ်က မတ်တပ်ရပ်လိုက်သည်။

ဦးခေါင်းကိုပွတ်သည်။ သူ့ဆံပင်နီတွေက ထိပ်မှာရှုပ်နေ၏ ။ ကင်းဒစ်စ်က ဆံပင်ကို အရှည်မထားရဟူသော စစ်စည်းကမ်းအရ မရှည်ရစေကာမူ အတတ်နိုင်ဆုံးလှ အောင်ထားလေ့ရှိ သည်။ တကယ်တော့ ဆံကေသာဟူသည် မိန်းမတို့၏ သရဖူမဟုတ်ပါလား။

ဂီလ်က ညှံ့ဖျင်းသောလေကြောင်းစီးရ၍ စိတ်တိုနေစဉ် ကင်းဒစ်စ်က ခန်းမမှောင်မှောင်ထဲ သို့ စမ်းလျှောက်နေရ၏ ။ သူတို့ စကိုးဖ်းလ်စစ်တန်းလျားက အပူပိုင်းသစ်တောနှင့် နာနတ်ခင်း အများဆုံးတွင်ရှိပြီး “ဂီကီကီ” ဟိုတယ်နှင့် အတော်လှမ်းသည်။ မြေညီထပ်မှာနေရသဖြင့် တိတ် ဆိတ်ငြိမ်သက်မှုရခြင်းကို ဂီလ်နှင့် ကင်းဒစ်စ်က သဘောကျသည်။

ဤတပ်မှာနေရသော လူအများက ဝေးလံသည်ကို ညည်းညူလေ့ရှိကြ၏ ။ ၁၉၁၉-၁၉၂ ခုနှစ်ခေတ်ကဆောက်ခဲ့သော တိုက်အိုကြီးကိုဖြတ်သွားရခြင်းကို အထူးသဖြင့် မကြိုက်ကြခြင်းဖြစ် ၏ ။ ဤတိုက်ကြီးများထဲမှာ “From Here to Eternity” ဇာတ်ကားထဲ၌ တပ်ကြပ်အဖြစ် သရုပ် ဆောင်ခဲ့သော “ဘတ်လန်ကက်စတာ” က သူ့တပ်မှူး၏ ဇနီးအား နမ်းခဲ့သော အခန်းကိုရိုက်ခဲ့ သည်။ ဤစစ်တန်းလျားမှာ လူတိုင်းလိုလိုပင် ဤရုပ်ရှင်ကား (အဖြူအမည်းကား) ကို တစ်ကြိမ် တော့ အနည်းဆုံးကြည့်ဖူးကြလေသည်။

အိုဘရိုင်ယန်မောင်နှံကား ဤအရပ်၌ နေရသည်ကို စိတ်မပျက်ကြချေ။ သူတို့အဖို့ ဤ အဆောက်အအုံများသည် ကျောင်းဟောင်း၏ စစ်နေအိမ်များဖြစ်နေကာ ဂျူနီယာအရာရှိဖြစ်ဖို့ မျှော်လင့်ချက်ပေးသောနေရာဖြစ်၏ ။ အိမ်နောက်ဖေး၌ ပေါ်တီကိုရှိ၏ ။ သူတို့က ဤနေရာ၌ တပ် မတော်ရာထူးများဖြင့် ရောက်လာကြသောလူများနှင့် နေရခြင်းကိုလည်း ပျော်သည်။ ဂီလ်က လမ်းကိုဖြတ်ကူးပြီး ရုံးတက်ရခြင်းကိုလည်း သဘောကျ၏ ။ ထိုဌာနချုပ်ကို ဂျပန်ကို တိုက်ခိုက်ခံခဲ့ရ သောသမိုင်းရှိသည်။

ဂီလ်က လေကြောင်းလိုင်းကို စိတ်တိုနေဆဲ။ ကင်းဒစ်စ်က မီးဖိုချောင်သို့

ရောက်သွား၏ ။ ကော်ဖီတစ်ခွက်အရင်ဆုံးလုပ်ရမည်။ ကော်ဖီအမည်းဖြစ်သည်။ ထိုဘက်ကော်ဖီကို အသက် ၁၆ နှစ်မွေးနေ့ပွဲမှာ ကော်ဖီဖျော်စက်လက်ဆောင်ရပြီးကတည်းက စွဲခဲ့ခြင်းဖြစ်သည်။ ကိုယ်ဝန်ရှိစဉ် ကော်ဖီမသောက်ရဟုနားလည်သော်လည်း ဝက်စ်ပွိုင့်စ်တက္ကသိုလ်မှာညလုံးပေါက် စာကြည့်ခိုင်ခဲ့ သည်မှာ ကော်ဖီကြောင့်ဖြစ်၏ ။ သို့သော်မီးဖိုချောင်မှာ မှောင်မည်းနေသည်။ လျှပ်စစ်မရှိ။ သည်တော့ ကော်ဖီလည်း မရနိုင်တော့ချေ။

“ရှီးမှပဲ။ ဘာမှ လုပ်မရသေးဘာ။ ကိတ်က ဆာနေပြီ အခုလျှောက်ပြေးနေတယ်”

အမှောင်ထဲတွင် ဂီလ်၏ ဒေါသသံကိုကြားနေရသည်။

အမှန်က ကိတ်က လေယဉ်ထဲမှာ ၁၁ နာရီကြာနေခဲ့ရ၍ သာဖြစ်မည်။ မီးဖိုချောင်စားပွဲမှာ ထိုင်ရင်း ဂီလ်ကို ပြန်ပြောရ၏ ။

“ဂီလ် ကိတ်က ခွန်အားတွေ ထုတ်ပစ်ဖို့လိုတဲ့ကလေးလေးပဲ။ သူ့ကို ဝိုင်းကြီး ပတ်ပတ် ပြေးခွင့်ပေးလိုက်ပါ။ အသက်ဝဝရှူပြီး စိတ်ကိုငြိမ်အောင်လုပ်ပါ။ ကောင်းသွားလိမ့်မယ်။ ရှင့်အနား မှာ လက်မှတ်ပြန်ဝယ်မယ့်သူရှိလား”

‘ဟေး ပြောမနေနဲ့ တန်းစီတဲ့အထဲမှာ ငါအရှေ့ဆုံးပဲ”

ဂီလ်တစ်ယောက် လက်မှတ်ရောင်းတာရှေ့မှာ ပစ္စည်းတွေမနိုင်မနင်းနဲ့ တန်းစီနေပုံကို ကင်းဒစ်စ်မြင်ယောင်နေ၏ ။ ဂီလ်က သူနှင့်မသိကျွမ်းသူများနှင့် ဆက်ဆံရလျှင် စိတ်မပျက်တတ် ချေ။ သူ့အဖွဲ့ထဲမှာတော့ သူ့ပထမဆာဂျင်က သူ့ကို “စိတ်တိုတတ်သော ဂီလ်” ဟုနာမည်ပေးထား ပြီး ဖြစ်သည်။

ကင်းဒစ်စ်ထံ ဒုတိယဖုန်းမြည်လာသည်။

ပစိဖိတ်တပ်မတော် ဗိုလ်မှူးထံမှဖြစ်။ ကင်းဒစ်စ်က နေ့လယ် ၁၂ နာရီမှာ “စစ်စင်တာ” သို့ သွားရောက်သတင်းပို့ရန်ရှိသည်။ ဂျင်နရေတာ များက

အဆင်ပြေကြောင်းမွန်နေ၏ ။ ကွန်ပျူတာက ပျက်နေသည်ဟုဆိုသည်။ ဒုက္ခတော့ ကျကျနနဖြစ်တော့မည်။

ကင်းဒစ်စ်က ညှော့ခန်းသို့လျှောက်၏ ။

အခန်းတွင်းမှောင်နေရာမှ ဖြည်းဖြည်းချင်း လင်းလာသည်ကိုကင်းဒစ်စ်က ကြည့်နေသည်။ ယခုမှ ထင်ထင်ရှားရှားမြင်ရ၏ ။ ဟာဝိုင်ယီ အရဏ်ဦးမှာ သဘာဝဘေးသင့်ခဲ့ပါပြီကော။

“အို ဘုရားသခင်”

ကင်းဒစ်စ်က အနောက်ဘက်ပြတင်းကိုကြည့်ရာ ပေါ်တီကို၏ ပလတ်စတစ်အမိုးက လွင့်စင်သွားပြီ။ နောက်ခြံဝင်းထဲရှိ စတိုခန်းအမိုးမှာလည်း လန်သွားပြီး စစ်ဘက်ဆိုင်ရာ အသုံး အဆောင်များအကုန်လွင့်စင်သွားပြီ။ ပန်းအိုးဖြင့် စိုက်ထားသောအပင်များက ဘေးစောင်း လဲကျနေ၏ ။

လေမုန်တိုင်းက နံနက် (၃)နာရီမှာစတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်၏ ။ တစ်နာရီ မိုင် ၇၀ ဟုသိ ရ သည်။ ဤကျွန်းတွင် အပြင်းထန်ဆုံး လေတိုက်နှုန်းဖြစ်၏ ။ မုန်တိုင်းက လျှပ်စစ်ကြိုးများက ဖြိုလှဲ ပစ်ခဲ့သည်။ သစ်ပင်ကြီးများ ပြိုလဲကျသည်။ မိမိခေါင်မိုးများ ပျက်စီးကုန်ပြီ။ ရေလျှံမှုလည်းဖြစ်နေ သည်။ အိုဘရိုင်ယန်တို့ အိမ်နီးချင်းအိမ်က ပို၍ ဆိုး၏ ။ အနီးရှိ ထိးသဖွယ် ဖြန့်ကြက်ထားသော သစ် ပင်က သူတို့အိမ်ခန်းပေါ်သို့ပိကျနေသည်။

ဤအချိန်မှာပင် ဖုန်းမြည်လာသည်။ ဂီလ်ဆက်ခြင်းပင်ဖြစ်၏ ။ ကင်းဒစ်စ်က အသက်ပြင်း ပြင်းရှူလိုက်ပြီးမှ ဖုန်းကိုကိုင်သည်။

‘ကင်းဒစ်စ် ငါ ဒီမှာ အရမ်းဒုက္ခဖြစ်နေတယ်။ ငါက လေယာဉ်လက်မှတ်ရဖို့ အေးဂျင့်နဲ့ စကားပြောတုန်း ကိတ်က ဘေးကလမ်းလျှောက်တဲ့နေရာကို ပြေးဆင်းသွားတယ်။ ငါ ဒီလေယာဉ် ကွင်းမှာ ကိတ်နဲ့ နောက်ထပ် လေးနာရီစောင့်ရဦးမယ်။ ငါ မလုပ်နိုင်ဘူး။ မင်း ဒီကိုလာဖို့ လို

တယ်”

ဂီလ်က ဒေါသတကြီးပြောနေ၏။

ကင်းဒစ်စ် စိတ်ထဲမှာကား “အေး အဲဒီ အလုပ်မျိုးကို ငါ နောက်နှစ်ကျရင် ကလေး နှစ်ယောက်နဲ့ လုပ်ရမှာ ရှင်တာဝန်ကျတဲ့ကာလမှာလေ” ဟု တွေးနေသည်။ သို့သော် ခင်ပွန်းကို လေပြည်ထိုးရ၏။

“ဟို... ကိစ္စမရှိပါဘူး ဟန်နီရယ်။ ပြီးရင် ရှင်ဘာလုပ်စရာရှိလဲ။ အစားကော စားပြီးပြီးလာ။ ကိတ်ရော ဆာနေပြီလား။ စားစရာရမယ့်နေရာတစ်ခုခု”

ကင်းဒစ်စ် စကားမဆုံးမီ ဂီလ်ဖုန်းချသွားသည်။

ကင်းဒစ်စ်က မျက်မှန်ကိုဖြုတ်ပြီး မျက်လုံးကိုပွတ်လိုက်၏။

မနက်ကလည်း ဂီလ်သည် အဆက်မပြတ် မကျေမနပ်ဖြစ်နေခဲ့သည်။ ကင်းဒစ်စ်က ဂီလ်ဤသို့ဖြစ်နေလျှင် အတတ်နိုင်ဆုံး ပြေလည်အောင်လုပ်၏။ ရန်ပွဲမစချင်၍ ဖြစ်သည်။ သူ့ခင် ပွန်းကို ပြန်ကောင်းစေချင်၍ ဖြစ်သည်။

မလွယ်ဘူး။ ဘယ်တော့မှ မလွယ်ဘူးဟု ကင်းဒစ်စ်တွေး၏။ ဒေါသပြင်းထန်မှုများသည် အိမ်ထောင်ရေးကို ကြေကွဲစေ၏။ ဂီလ်၏ တပ်ဖွဲ့ကို အီရတ်သို့ တာဝန်ချသောအခါ သူ့ကိုတာဝန် မပေးသင့်ဘူးဟု သတ်မှတ်ခံခဲ့ရဆဲဖြစ်သည်။ အာဖဂန်နစ္စတန်မှာ ၁၂ လနေထိုင်ရမည်ဆိုခြင်းကို လျော့နည်းခဲ့၍ ဖြစ်၏။

ဤအခါ သူ့ကို ဟာဝိုင်ယီမှအပြင်လွှတ်ခြင်းထက် နောက်တန်းတွင်နေရစ်ရန် တောင်းဆို ခဲ့၏။ ဒါက သူ့အတွက်အဆင်ပြေမည်။ သူက သူ့ဌာနမှာ ငါးနှစ်တာဝန်ထမ်းခဲ့သဖြင့် တပ်သားအား လုံးနှင့် သိကျွမ်းသည်။ သို့သော် ထိုအလုပ်အတွက် စေတနာ့ဝန်ထမ်းလုပ်ခြင်းဆိုသည်မှာ မိမိ ကိုယ်မိမိ ဓားနှင့် ထိုးခြင်းဖြစ်၏။

အီရတ်နှင့် စစ်ပွဲကို ၂၀၀၃ ကစတင်ခဲ့ပြီး ၂၀၀၇ မှာ အပြင်းထန်ဆုံးဖြစ်သည်။ သူ့တပ်မှ ပြင်းထန်စွာ ဒဏ်ရာရကြောင်း မိသားစုထံစာပို့ခြင်း ၁၃၆ ကြိမ်လုပ်ခဲ့ရ၏ ။ တပ်သား ၂၁ ဦးကျဆုံးခဲ့ ၏ ။ ဝီလ်သည် စျာပနများကို ဦးဆောင်ခဲ့ရသည်။ ကြေကွဲနေသော မိသားစာများကိုနှစ်သိမ့်ခဲ့ရသည်။ မိမိတို့သားများ၊ ခြေလက်ပြတ်သွားကြောင်း မိဘများထံသတင်းပို့ခဲ့ရသည်။ ဦးနှောက်ဒဏ် ရာထိမှုများနှင့် ပြန်လာရသော မိတ်ဆွေများကိုလည်း မြင်ခဲ့ရသည်။ ခြေလက်ဆုံးရှုံးခြင်း၊ အသက် ဆုံးရှုံးခြင်းတစ်ခုတိုင်းကို ကင်းဒစ်စ်က သူ့ခင်ပွန်း၏ ဆုံးရှုံးမှု တစ်ပိုင်းတစ်စဖြစ်လာမည်ဟု မြင်ခဲ့ သည်။

ယခုမနက်ဖုန်းခေါ်မှုများက ကင်းဒစ်စ်အား ဘဝပုံစံ ဘယ်လိုဖြစ်နေကြောင်း ပြနေသည်။ “ဒါတွေ ငါတို့ကို၊ ငါတို့ဘာဖြစ်လို့ လုပ်နေမိတာလဲ” ဟု စဉ်းစားသည်။ ဤမေးခွန်းကိုမေးသူမှာ ကင်းဒစ်စ်တို့စုံတွဲသည် ပထမဦးဆုံးမဟုတ်ချေ။ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်မှာတုန်းကလည်း အမျိုးသမီးနည်းပြဆရာဖြစ်သူ ‘ကေသီဒဲရစ်” က ပြောဖူး၏ ။

ရာထူးမြင့်သူများ၏ အိမ်ထောင်ရေးမှာ နှစ်ဦးလုံးအတွက် ခက်ခဲမှုများရှိသည်။ကလေးများ ကိစ္စရှိသည်။ နောက်တန်းမှာ တစ်စုံတစ်ရာကို ထားမှသာ ဖြစ်မည်။ ဤသည်မှာ အိမ်ထောင်ရေး ဘဝဖြစ်သည်ဟု ဆိုသည်။

ထိုနေ့အဖို့ ကင်းဒစ်စ်မျက်နှာ ပို၍ အိုစာနေလေသည်။ အမှန်မှာ သူသည် အသက် ၃၂ နှစ်သာရှိသေးသည်။ သူ့မျက်နှာက ၃၂ နှစ်ထက် ကျဆင်းနေလေ၏ ။ အိမ်ပြင်ပရှိ အပျက်အစီးများ ကို ေးရင်း ဆောက်တည်ရာမရ။ ကိုးကွယ်ရာမရှိဖြစ်နေသည်။ ဝီလ်ခံစားနေရခြင်းနှင့်အတူတူပင် ဖြစ်၏ ။ ကင်းဒစ်စ်က ၂၀၀၇ ကုန်အောင် စောင့်ဆိုင်းဖို့ စိတ်မရှည်တော့ပေ။

*

"မင်္ဂလာနံနက်ပါ"

ကင်းဒစ်စ်အိမ်သို့ရောက်လာသော ကပ္ပတိန်လော်ရာဂျူလစ်က နှုတ်ဆက်၏ ။

"ဘာဖြစ်လို့လဲ သူငယ်ချင်း ပင်ပန်းနေပုံရတယ်။ ဂျူတီတောင်မဝင်ရသေးဘဲနဲ့"

"မောနင် လောရာ ကိုယ်က ညဉ့်နက်မှာ တာဝန်ဖုန်းတစ်ခုရတယ်။ လျှပ်စစ်လည်းပျက် သွားပြီ။ အပြင်က တမင်းစားသောက်ဆိုင်ကို ကြည့်ခဲ့ပြီးပြီလား မင်းကို ဖုန်းတွေက မနှိုးခဲ့ဘူးထင် တယ်"

"ဟင့်အင်း... မုန်တိုင်းကလွဲပြီးတခြားဘာမှမသိဘူး။ ဘာဖြစ်လို့လဲ"

'ဂီလ်ပေါ့။ သူက အဆင်မပြေဖြစ်နေတယ်။ ဒင်ဗာမှာ သောင်တင်နေတယ်။ သူ့လေယာဉ် က ပြန်လုပ်နေရလို့ သူ့မှာကိတ်ကလည်းရှိနေတယ်" ကင်းဒစ်စ်က တစ်ဝက်တစ် ပျက် ရပ်လိုက် ၏ ။

လော်ရာက ဂီလ်ကို ကောင်းကောင်းနားလည်သည်။ ကလေးတစ်ယောက်နှင့် ဗျာများနေ မည့် ဒေါသကြီးသူ တစ်ဦးကိုမြင်ယောင်နိုင်ကြ၏ ။

သို့သော် ကင်းဒစ်စ်က မကူညီနိုင်။ မုန်းတိုင်းကြောင့်တစ်မျိုး၊ ဂီလ်ကြောင့်တစ်မျိုး၊ စိတ်ညစ် နေရသည်။ ယခုတော့ လောလောဆယ် လော်ရာနှင့် နေရမည်။ မိမိမှာကလေးမရှိ။ လင်ယောကျ်ား တွေမရှိ။ အေမီလိုပင် ခပ်ပျော်ပျော်နေဖို့ဖြစ်၏ ။ လော်ရာက လွန်ခဲ့သည့် နှစ်ရက်ကမှ ဗားဂျီးနီးယား ကမ်းခြေမှာ လေယာဉ်ဖြင့်လာခဲ့သူ အရန်အရာရှိဖြစ်၏ ။

သို့သော် သူတို့နှစ်သီးသည် ရုပ်ရှင်ကြည့်ဖို့ အပြင်ထွက်စားသောက်ဖို့ စီစဉ်ခဲ့၏ ။ သူတို့ က လွန်ခဲသော ခြောက်နှစ်က စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း

စကိုးဖီးလ်သို့ ရောက်ခဲ့ကြခြင်းဖြစ် သည်။

ဟာဝိုင်ယီတွင် အမှတ် ၂၅ တပ်သားသစ်များထဲက အများစုသည် ရေနစ်ခဲ့ကြ၏ ။ ထို့ ကြောင့် သူတို့ရေကူးစစ်ဆေးမှု ယူကြရသည်။ သူတို့နှစ်ယောက်အဖို့ အထက်တန်းကျောင်းမှာက တည်းက သူငယ်ချင်းများများရှိသော်လည်း ရင်းနှီးသူနည်း၏ ။ လော်ရာကား ထိုအနည်းစုထဲရှိ ရင်းနှီးသူဖြစ်လေသည်။

“မင်းနေကောင်းရဲ့လား လော်ရာ”ကမေး၏ ။

‘အင်း ကောင်းပါတယ်။ ဒါပေမဲ့ ဒီကနေ ဘာမှမလုပ်နိုင်ဘူး”

‘သူငယ်ချင်း တစ်ခါတစ်လေတို့ မလုပ်နိုင်တာတွေရှိတယ်လေ။ မင်း တော်ကြာ ကလေးနှစ် ယောက်ရတော့မယ်”

လော်ရာမှာလည်း ကလေးတစ်ယောက်ရှိ၏ ။ ကင်းဒစ်စ်လိုပင် ကိုယ်ဝန်နှင့်ဖြစ်သည်။ လော်ရာကိုဝန်က အမွှာဟု သိရသည်။

‘ဒီလိုဝတ်စုံနဲ့ဆိုတော့ ကိုယ်က မသက်မသာဖြစ်နေပုံရသလား”

လော်ရာက သူငယ်ချင်းကို ရယ်အောင်လုပ်ခြင်းဖြစ်၏ ။ လော်ရာက ကိုယ်ဝန် ၁၃ ပတ်ရှိ ပြီ။ နှစ်ပတ်အကူအညီလာရသေခရီးမှ့ ဂီလ်၏ အခန်းထဲမှ ယူနီဖောင်းကိုငှားဝတ်ခဲ့သည်။ ယောကျ်ား ယူနီဖောင်းက ခြောက်ပေရှည်ပြီး ပေါင် ၂၀၀ အလေးချိန်ခန္ဓာကိုယ်ဝတ်သူဖြစ်သဖြင့် ၎င်းယူနီ ဖောင်းကို ငှားဝတ်ပြီး နှစ်ရက်မှာပင် မသက်မသာဖြစ်လာသည်။ ဗိုက်ထဲမှာကလေးနှစ် ယောက်နှင့်မို့ စစ်တပ်၏ ကြွေးကြော်သံတစ်ခုဖြစ်သော “နာကျင်ခြင်းအတွ် ဂုဏ်ယူခြင်း” ကို ဥပေက္ခာပြုရတော့၏ ။

“လော်ရာရေ ကိုယ်က ဂီလ်ရဲ့ ယူနီဖောင်းနဲ့ ကိုယ်ဝန်မွေးတဲ့အထိ ဝတ်သွားမယ်။ အောက်မေ့တာ။ ခုတော့သိပ် မဟန်ဘူး”

ကင်းဒစ်စ်က သူ့အပေါ်အကျႌကိုမပြီးပြသည်။
ဘောင်းဘီကြယ်သီးများက အသက်ရှူရ ခက်အောင် တင်းကျပ်နေလေသည်။

စစ်တပ်တွင် စစ်သားအချင်းချင်း လက်ထပ်ခဲ့သော စစ်သမီးများအတွက် ကိုယ်ဝန်ဆောင် သောအခါ သီးသန့်ဝတ်စုံမရှိချေ။ စင်စစ်အမျိုးသမီးဝတ်စုံဟူ၍ လည်း သီးသန့်မထားခဲ့ပေ။ ယောကျ်ား ဝတ်များကို
အနည်းငယ်သေးပြီးချုပ်ပေးခဲ့ခြင်းဖြစ်ရာ ကိုယ်ဝန်ဆောင်သောအခါ မိမိ ခင်ပွန်း၏ ဝတ်စုံများကို ယူဝတ်ခြင်းဖြင့် ပြေလည်အောင် လုပ်ခဲ့ကြရသည်။

နောက်ပိုင်းမှသာ ကိုယ်ဝန်ဆောင်စစ်ဝတ်စုံကို ဖန်တီးပေးခဲ့ခြင်းဖြစ်၏ ။

"အေးကွယ် နက်ဖြန်တော့ ကိုယ်ဝန်ဆောင်ဘောင်းဘီတွေ
ရောက်ပြီလားလို့ သွားမေး ကြည့်ရအောင်"

လော်ရာကဆိုသည်။ ကိုရီးယား၊ အလာစကား၊ ဟာဝိုင်ယီလိုနေရာမှာ
ကိုယ်ဝန်ဆောင် ဘောင်းဘီရှာရသည်မှာ ဆော်ဒီအာရေဗျ၌ ဘီယာဝတ်ဖို့
ကြိုးစားရခြင်းနှင့်တူသည်။ စစ်ဝတ်စုံနှင့် အရောင်းဌာနတွင်
ကိုယ်ဝန်ဆောင်ဝတ်စုံအော်ဒါမှာ၍ စောင့်ဆိုင်းရသည်မှာ ကြာလေ့ရှိ၏ ။

မည်သို့ပင်ဖြစ်စေ စစ်မှုထမ်းအမျိုးသမီးအများစုကဲ့သို့ပင်
ကိုယ်ဝန်ဆောင်ဝတ်စုံကို တန်နိုင် သမျှ မဝတ်ဘဲနေသည်။ ကင်းဒစ်စစ်က
ကိုယ်ဝန်ဆောင်ဝတ်စုံကို ကြည့်မကောင်းဟုမြင်၏ ။ ထို့ပြင် အကျႌမှာက
ရင်ဘတ်မှာ အဆင်မပြေချေ။

သို့သော် ပထမကလေးကို ကိုယ်ဝန်ဆောင်စဉ်က ဟာဝိုင်ယီ စစ်ဆေးရုံ၌
အလှဆုံး မြင် ကွင်းတစ်ခုကိုမြင်ခဲ့ရ၏ ။ ၎င်းမှာ 'အလွန့်အလွန့်ကြီးသောကိုယ်ဝန်"
ဖြစ်၏ ။ သူက အမျိုးသမီး ဒုတိယဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။
ကင်းဒစ်စ်မြင်ဖူးသမျှ အမျိုးသမီးစ်သည်ကိုယ်ဝန်ဆောင်များ မှာ
အငယ်များသာဖြစ်၏ ။ ယခုတော့ ဗိုလ်မှူးကြီးစင်စစ်ဖြစ်နေ၏ ။ ဗိုလ်မှူးကြီးသည်

စစ်ဘက်ခေါင်းဆောင်တစ်ဦးအဖြစ် သူ့ကိုယ်သူ ယုံကြည်မှုအသွင်ရှိနေပြီး မိခင်ဘဂ၏ တောက်ပမှု ကျက်သ ရေကိုလည်း မြင်ရလေသည်။

"ငါလည်း အဲသလိုအမြင်ခံချင်တယ်"

ယခုတော့ ကင်းဒစ်စ်မျက်လုံးတွေ မှိုယောင်နေသည်။ အိပ်ရေးမဝဘဲ နံနက်စောစော ထရ ၍ ဖြစ်၏ ။ ဂီလ်၏ ဘောင်းဘီကိုဝတ်ထားရသည်ကလည်း အသက်ရှူမဝအောင် ကျပ်လှ၏ ။ ယောက်ျားစီးဖိနပ်ကို ဝတ်ရခြင်းကလည်း မသက်သာပေ။ အားကစားဖိနပ်စီးခြင်းကိုလည်း အား နည်းသူဟုယူဆပြီး စစ်သမီးအများစုက ရှောင်ကြ၏ ။

ဖိနပ်ကြိုးချည်းပြီးသောအခ ဖုန်းမြည်ပြန်သည်။ ဂီလ်ဖြစ်၏ ။

"အိုကေသွားပြီး အချစ်ရေ၊ လက်မှတ်လည်း လဲပြီးပြီ၊ နှစ်နာရီဆိုရင် လေယာဉ်စီးရမယ်။ မက္ကစီကို စားသောက်ဆိုင်တစ်ဆိုင်မှာ ကိတ်အတွက် ကြက်ဥစားလို့ရအောင် လုပ်ခိုင်းထားတယ်။ အဲဒီ မှာ ကလေးကစားကွင်းအကျယ်ကြီးလည်း ရှိတယ်။ အဲဒီ မှာ ကစားလို့ရတာ ပေ့ါ။ ပြီးတော့ ကိတ်ကို အရုပ်လည်း ဝယ်ပေးလိုက်ပြီ"

"ကောင်းပါတယ် အဆင်ပြေသွားတာ ဝမ်းသာတယ်"

ကင်းဒစ်စ်သည် လေယာဉ်ကွင်း၌ ကိုင်လျက် အိုင်းရစ်အရုပ်ပုလင်းအကြီးကို စုတ်ရင်း ပြန်လည်ငြိမ်သက်သွားသည့် ဂီလ်ကို မြင်ယောင်လိုက်၏ ။

အမှတ် ၈၂ လေတပ်မှာတုန်းက ဒုဗိုလ်ဘဂကိုပြန်သတိရ၏ ။ နှစ်ပတ်လည် အိမ်အပြန်စု ဝေးပွဲကို မေလမှာ လုပ်လေ့ရှိသည့်အတိုင်း တစ်နှစ်မှာတော့ ကင်းဒစစ်ကို ၈၂ တပ်ရင်းမှူးက ပြောခဲ့ဖူးသည်။

"အရင် ကျွန်တော်တပ်ခွဲမှူးဘဂတုန်းက ဒီမှာ အမျိုးသမီးမရှိဘူး"

ထိုတပ်ရင်းမှူး၏ လေသံက အမျိုးသမီးမရှိသင့်ဟု ဆိုလိုပုံရ၏ ။ ကင်းဒစ်စစ်က ပြန်ပြော လိုက်သည်။

"လားစားပါတယ်ဗိုလ်ချုပ် အခုတော့ ဒီတပ်ကဗိုလ်ချုပ်ရဲ့တပ် မဟုတ်တော့ဘူး"

ထိုနေ့မှာ ကင်းဒစ်စစ်သည် သူ၏ တပ်ရင်းမှူးနှင့် ယှဉ်ပြီး ၁၀ မိုင်ပြေးခဲ့ပြီးခါစဖြစ်၏ ။

သူအလုပ်မှာ ကျောထဲက အက်ကွဲလူမတတ် နာနေခဲ့သည်။ သို့သော် မကောင်းသော စိတ်ဖြင့် မှတ်ချက်ပေးရန် စိတ်မကူးခဲ့ပေ။

၈ နှစ်မျှကြာသောအခါ ထိုနေ့က ဆုံးဖြတ်ချက်အတိုင်းသာရှိနေဆဲဖြစ်သည်။ ဘာက ပြောင်း သွားပါသလဲ။ ကင်းဒစ်စ်သည်နိုင်ငံကို သစ္စာခံရုံမက မိသားစုတစ်စုကိုလည်း သစ္စာခံခဲ့ရပြီး ပြီ။ အခြားအမျိုးသမီးများနည်းတူပင် နောက်ဘာဖြစ်လာမည်ဆိုခြင်းအတွက် ပြင်ဆင်ခြင်းဖြင့် အသင့်ဖြစ်နေရန်သာရှိပေသည်။

*